မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်စျေးကွက်သတင်းလွှာ

December 20 , 2022 | Volume 61, Number 14

၂၀.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၇၈၉ US$ |
| မြန်မာ့ရွှေစျေး | = ၂၆၇၅၀၀၀ |
| ဒေါ်လာစျေး | = ၂၈၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အစောဆုံး ၂၀၂၂ ထုတ် လူစီးမော်တော်ယာဉ်တွေသာ သွင်းခွင့်ပြုမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသတ်မှတ်ပြီး ဘယ်မောင်းယာဉ်တွေသာ တင်သွင်းခွင့်ပြုမည်

၂၀၂၃ ခုနှစ်အတွက် ပြည်ပကနေ မော်တော်ယာဉ်တင်သွင်းတဲ့အခါ လူစီးယာဉ်တွေကို အစောဆုံး ၂၀၂၂ ခုနှစ်ထုတ် ယာဉ်တွေသာဖြစ်ရမယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြေငြာစာမှာ ထည့်သွင်းဖော်ပြလိုက်ပါတယ်။

ဒါ့ကြောင့် တင်သွင်းခွင့်ပြုပေးမယ့် လူစီးမော်တော်ယာဉ်တွေကို ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထုတ်ဖြစ်ရမယ်လို့ သတ်မှတ်လိုက်ပြီး လုပ်ငန်းသုံးကုန်တင်ယာဉ်နဲ့ ခရီးသည်တင်ယာဉ်တွေကိုတော့ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထုတ်ယာဉ်တွေကို တင်သွင်းခွင့်ပြုမှာပါ။

မီးသတ်ယာဉ်၊ လူနာတင်ယာဉ်နဲ့ ယန္တရားတွေကိုတော့ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထုတ်ဖြစ်ရမယ်လို့ဆိုထားပြီး လူစီး၊ လုပ်ငန်းသုံး (ကုန်တင်/ခရီးသည်)၊ မီးသတ်ယာဉ်နဲ့ လူနာတင်ယာဉ်တွေ တင်သွင်းရာမှာ လက်ဝဲစတီယာရင် (ဘယ်မောင်း) ယာဉ်တွေကိုသာ တင်သွင်းခွင့်ပြုမယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောပါတယ်။

အများပြည်သူသုံး လမ်းတွေပေါ်မှာ မောင်းနှင်အသုံးပြုခြင်းမရှိတဲ့ လုပ်ငန်းသုံး ယန္တရားတွေကို လွန်ခဲ့တဲ့ (၁၅)နှစ်အတွင်း ထုတ်လုပ်တဲ့ယာဉ် (၂၀၀၉ ခုနှစ်နှင့်အထက် ထုတ်လုပ်သောယာဉ်) များအဖြစ် တင်သွင်းခွင့်ပြုမယ်လို့ သိရှိရပါတယ်။

ယခု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ချက်က လုပ်ထုံးလုပ်နည်းအရ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်တင်သွင်းခွင့်ပြုတဲ့ မော်တော်ယာဉ်၊ ထုတ်လုပ်တဲ့ခုနှစ် သတ်မှတ်ချက်တွေကို ပုံမှန်ထုတ်ပြန်ခြင်းသာဖြစ်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးအောင်နိုင်ဦးက ထုတ်ပြန်ချက်မှာ ထည့်သွင်းပြောဆိုပါတယ်။

မော်တော်ယာဉ်တင်သွင်းမှုနဲ့ပတ်သက်ပြီး လက်ရှိချမှတ်ထားတဲ့ မူဝါဒတွေကို ပြောင်းလဲခြင်းမပြုဘဲ ဆက်လက်ကျင့်သုံးနေတယ်လို့ အသိပေးထုတ်ပြန်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားထားပါတယ်။

Source: BETV Business

## မြန်မာနိုင်ငံမှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်တန်ချိန် ၂၅၀၀၀၀ တင်ပို့ရန် စာချုပ်ချုပ်ဆိုထားပြီး လက်ရှိတွင် ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ တင်ပို့ရန်လျာထားသည့် ဆန်တန်ချိန် သုံးသောင်း မကြာမီပြည့်မည်



မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်တန်ချိန် ၂၅၀၀၀၀ တင်ပို့ရန် စာချုပ်ချုပ်ဆိုထားပြီး နိုဝင်ဘာ ၂ ရက်မှ စတင်ကာ ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်းမှ တင်ပို့ခဲ့ရာ လက်ရှိတွင် သင်္ဘောခုနစ်စင်းဖြင့် ဆန်တန်ချိန် ၁၈၄၇၅ တန် တင်ပို့ထားပြီး ဖြစ်ကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ရှစ်စင်းမြောက်တင်ပို့မည့် သင်္ဘောတွင် ဆန်တန်ချိန် ၂၆၅၀ တင်ဆောင်နေပြီး မကြာမီထွက်ခွာသွားမည် ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ တန်းမြင့်ဆန်တန်ချိန် ၂၅၀၀၀၀ တင်ပို့ရန် စာချုပ်ချုပ်ဆိုထားပြီး လက်ရှိတွင် မြန်မာ့တန်းမြင့်ဆန်တန်ချိန် ၂၁၃၀၀၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စတင်တင်ပို့ထားပြီးဖြစ်ပြီး လက်ရှိတွင် ပုသိမ် မြို့တော် စက်မှုဆိပ်ကမ်းမှ ပထမဆုံးအကြိမ်အဖြစ် ဆန်တန်ချိန် ၂၆၅၀ ကို အောက်တိုဘာ ၂၈ ရက်မှစတင်ကာ MV.MCL-7 ပင်လယ်ကူးသင်္ဘောဖြင့် တိုက်ရိုက်တင်ပို့ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ဆူးလေဆိပ်ကမ်းတွင် ဆိုက်ကပ်ရောက်ရှိနေသော MV VTC Ocean သင်္ဘောဖြင့် မြန်မာ့တန်းမြင့်ဆန်တန်ချိန် ၂၁၃၀၀၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါ သင်္ဘောတင်ပို့မှုသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နှစ်နိုင်ငံအစိုးရအချင်းချင်း သဘောတူညီထားမှုအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်တင်ပို့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဦးစီးဌာနတို့အကြား တန်းမြင့်ဆန် ၅% တန်ချိန် ၂၅၀၀၀၀ စာချုပ်ချုပ်ဆိုထားပြီး ဖြစ်ကြောင်းနှင့် လက်ရှိ MV VTC Ocean သင်္ဘောဖြင့်တင်ပို့မှုသည် အဆိုပါစာချုပ်အား စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ နှစ်စဉ်ဆန်ဖြူတန်ချိန် နှစ်သိန်းခွဲနှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူမည့် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား နောက်ထပ်ငါးနှစ် သက်တမ်းတိုးမြှင့်ရန် ၂၀၂၂ ခုနှစ် စက်တင်ဘာလ အတွင်း လက်မှတ်ရေးထိုးနိုင်ရန်ဆောင်ရွက်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား G to G စနစ်ဖြင့် ဆန်ရောင်းဝယ်နိုင်ရေးအတွက် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားနပ်ရိက္ခာဝန်ကြီးဌာန၊ ဝန်ကြီးတို့မှ လက်မှတ်ရေးထိုးခဲ့ကြသည်။ နားလည်မှုစာချွန်လွှာအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံမှ နှစ်စဉ်ဆန်ဖြူ တန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန် တန်ချိန် ၅၀၀၀၀ အား ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိဝယ်ယူရန် သဘောတူညီခဲ့ကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားနပ်ရိက္ခာဝန်ကြီးဌာန၊ စားနပ်ရိက္ခာညွှန်ကြားမှုဦးစီးဌာနတို့အကြား Sales Contract များချုပ်ဆို၍ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမ အကြိမ်အဖြစ် ဆန်တန်ချိန် တစ်သိန်းအား ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဆန်တန်ချိန် တစ်သိန်းအား ၂၀၂၁ ခုနှစ်တွင်လည်းကောင်း တင်ပို့ရောင်းချခဲ့သည်။ တတိယအကြိမ်အဖြစ် မြန်မာနိုင်ငံမှ ဆန်ဖြူတန်ချိန် ၂၀၀၀၀၀ အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့သွားနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Ministry of Food, Directorate General of Food နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူစာချုပ်အား ၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၇ ခုနှစ် တွင် လက်မှတ်ရေးထိုးခဲ့သည့် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ နောက်ထပ်ငါးနှစ်သက်တမ်းတိုးမြှင့်မည့် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား နှစ်ဖက်ဝန်ကြီးများမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **Source:** https://news-eleven.com/article/241951

## ဒီဇင်ဘာ ၁၉ ရက်တွင် ရန်ကုန်ရွှေအသင်းက ရည်ညွှန်းဈေး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၁၁၀၀၀၀ ဝန်းကျင်သတ်မှတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ရွှေတစ်ကျပ်သား ကျပ် ၂၆၇၅၀၀၀ ဝန်းကျင်ရှိနေ

ဒီဇင်ဘာ ၁၉ ရက်တွင် ရန်ကုန်ရွှေအသင်းက ရည်ညွှန်းဈေးအခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၁၁၀၀၀၀ ဝန်းကျင် သတ်မှတ်ခဲ့ပြီး ပြင်ပဈေးကွက်တွင် ရွှေတစ်ကျပ်သား ကျပ် ၂၆၇၅၀၀၀ ဝန်းကျင်ရှိနေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေဆိုင်များအားလုံးတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၅၃၀၀၀၀ နှုန်းဖြင့် ရောင်းချပေးကြရန် ပန်ကြားလွှာထုတ်ပြန်ခဲ့သည်။ စံချိန်တင် ဈေးနှုန်းအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆ သိန်းသို့ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၃ တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လည်ပိုင်းတွင်၂၈ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ဩဂုတ် ၃၁ ရက်က ၃၆၇၀၀၀၀ ထိ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ၁၅၆၈–၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃–၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀–၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉–၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉–၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈–၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈–၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄– ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၇၇၆–၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြကြောင်းသိရသည်။

**Source:** https://news-eleven.com/article/241953

## လာမဲ့နှစ် ဖိလစ်ပိုင်ဆန်တင်သွင်းမှု တန်ချိန် သုံးသန်းထက်မနည်းရှိနိုင်



https://greenwaymyanmar.com

ဖိလစ်ပိုင်ထံ ဆန်အများဆုံး တင်ပို့နေတာက ဗီယက်နမ်ဖြစ်ပြီး သူ့နောက်မှာ မြန်မာနဲ့ထိုင်းတို့ အစဉ်လိုက်ရပ်တည်နေကြပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ဆန်စပါး ထုတ်လုပ်မှုကျဆင်းပြီး စားသုံးအားမြင့်တက်ကာ ဆန်ပြတ်လပ်လာနိုင်တာကြောင့် လာမဲ့နှစ်အတွင်း ဆန်တန်ချိန် သုံးသန်းထက်မနည်းတင်သွင်းဖို့ လိုအပ်နိုင်ကြောင်း လွတ်လပ်သောတောင်သူလယ်သမားများအဖွဲ့ (FFF) က ခန့်မှန်းလိုက်ပါတယ်။

FFF အဖွဲ့ခန့်မှန်းချက်အရ လာမဲ့နှစ် တတိယသုံးလပတ်လောက်မှာ ဖိလစ်ပိုင် ဆန်လက်ကျန်စာရင်းဟာ တန်ချိန် ၄၂၇၀၀ လောက် အနုတ်ပြနိုင်တယ်လို့ သိရပါတယ်။

ဆန်လက်ကျန်စာရင်းဟာ နှစ်ကုန်ရောက်ရင် တန်ချိန် ၃၂၁၀၀၀ လောက် အပေါင်းပြလာနိုင်ပေမဲ့ ဒီမဆိုစလောက် ပမာဏဟာ နိုင်ငံအတွက် ကိုးရက်စာမျှသာလုံလောက်တယ်လို့ အဖွဲ့ကထုတ်ပြန်ပါတယ်။ "၂၀၂၃ ဇူလိုင်လလောက်ဆိုရင် တောင် ဈေးနှုန်းအပေါ်ဖိအားသက်ရောက်မှု တိုးလာပါလိမ့်မယ်။ ပထမနှစ်ဝက်ရဲ့ ဆန်လက်ကျန်ဟာ တစ်လစာလောက်သာ လောက်ငတဲ့ပမာဏဖြစ်နေမှာကြောင့်ပါ" လို့ FFF အဖွဲ့ဥက္ကဋ္ဌ Leonardo Montemayor က ပြောပါတယ်။

ဆန်လက်ကျန်ကျဆင်းလာရတာဟာ ၂၀၂၂ အတွင်း တစ်နှစ်တာဆန်ထုတ်လုပ်မှုနိမ့်ကျခဲ့ခြင်းနဲ့ လာမဲ့နှစ် ပထမ နှစ်ဝက်မှာလည်း အလားတူ အထွက်နှုန်းသာရှိနိုင်ခြင်းတို့ကြောင့်ဖြစ်တယ်လို့ တောင်သူလယ်သမားအဖွဲ့က ထုတ်ပြန် ပါတယ်။ နိုင်ငံရဲ့ လူဦးရေ ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးပွားလာတာနဲ့အညီ လာမဲ့နှစ် ဆန်စားသုံးမှုဟာ ၁ ဒသမ ၃ ရာခိုင်နှုန်း

မြင့်တက်လာမယ်လို့ အဖွဲ့က ခန့်မှန်းပါတယ်။ "ကျွန်တော်တို့ နောက်နှစ်ထဲမှာ ဆန်တန်ချိန် သုံးသန်းကနေ ၃ ဒသမ ၄ သန်းကြား တင်သွင်းဖို့ လိုပါမယ်။ ဒါမှသာ နောက်နှစ်ကုန်မှာ နိုင်ငံအတွက် ရက် ၉၀ စာ ဖူလုံတဲ့ ဆန်လက်ကျန် ဖြည့်တင်းနိုင်မှာပါ" လို့ Montemayor က ပြောပါတယ်။

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန USDA က ဓာတ်မြေဩဇာစရိတ်စက ကြီးမြင့်မှုအပြင် စက်တင်ဘာလကုန်ပိုင်းက လူဇွန်ပြည်နယ်မှာ တိုက်ခတ်သွားတဲ့ နိုရူတိုင်ဖွန်းမုန်တိုင်းတို့ကြောင့် ဖိလစ်ပိုင်ဆန်ထုတ်လုပ်မှုနိမ့်ကျနိုင်ပြီး ၂၀၂၃ နှစ်လယ် အထိ ဆန်ပိုမိုတင်သွင်းသွားရမယ်လို့ ထုတ်ပြန်ထားပါတယ်။

USDA က ဖိလစ်ပိုင်အနေနဲ့ ၂၀၂၃ အတွင်း ဆန်တန်ချိန် ၃ ဒသမ ၄ သန်း တင်သွင်းရမယ်လို့ အသစ်ထုတ်ပြန်လိုက် တာကြောင့် ယခင်ခန့်မှန်းချက် တန်ချိန် ၃ ဒသမ ၃ သန်းထက်တောင် ပိုများတာတွေ့ရပါတယ်။ နိုရူမုန်တိုင်းဟာ ဖိလစ်ပိုင်နိုင်ငံထဲကို ဝင်ရောက်လာကာ နိုင်ငံဆန်အိုးကြီးဒေသလို့ဆိုကြတဲ့ လူဇွန်ပြည်နယ် အလယ်ပိုင်းက ရိတ်သိမ်းခါနီး စပါးများစွာကို ဖျက်စီးပစ်ခဲ့ပါတယ်။ တစ်ဖက်မှာတော့ ကြီးမြင့်လှတဲ့ မြေဩဇာဈေးကြောင့် တောင်သူတွေ မြေဆီ မဖြစ်မနေ လျှော့ချသုံးစွဲလာရပြီး စပါးအထွက်နှုန်းကလည်း သုံးရာခိုင်နှုန်းလောက် လိုက်ပါကျဆင်းခဲ့ပါတယ်။ ဒါကြောင့် USDA က ၂၀၂၂ ဇူလိုင်ကနေ ၂၀၂၃ ဇွန်လအတွင်း ဖိလစ်ပိုင်ရဲ့ ဆန်ထုတ်လုပ်မှု တန်ချိန် ၁၂ ဒသမ ၄၁၁ သန်းရှိမယ်လို့ ခန့်မှန်းခဲ့ရာကနေ တန်ချိန် ၁၁ ဒသမ ၉၇၅ သန်းသာ ထွက်ရှိတော့မယ်လို့ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။

ဖိလစ်ပိုင်ဟာ ယခုနှစ် ဒီဇင်ဘာ ၈ ရက်အထိ ဆန်တန်ချိန် ၃ ဒသမ ၅၄ သန်း တင်သွင်းထားတာကြောင့် မနှစ်က တစ်နှစ်လုံးတင်သွင်းမှု တန်ချိန် ၂ ဒသမ ၇၇ သန်းထက် ၂၇ ဒသမ ၇၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖိလစ်ပိုင်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းဌာန (BPI) က ထုတ်ပြန်ပါတယ်။

ဖိလစ်ပိုင်ဆန် မှာယူတင်သွင်းတဲ့နိုင်ငံတွေထဲမှာ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ မြန်မာ၊ ပါကစ္စတန်၊ စင်္ကာပူ၊ စပိန်၊ ထိုင်းနဲ့ ဗီယက်နမ်တို့ပါဝင်ကြောင်း BPI ထုတ်ပြန်ချက်တွေအရ သိရပါတယ်။ ဒီနှစ်ထဲမှာ ဗီယက်နမ်က ဖိလစ်ပိုင်ထံ ဆန်ရောင်းချမှု အများဆုံးအဖြစ် တန်ချိန် ၂ ဒသမ ၉၆ သန်း တင်ပို့ထားပါတယ်။ ဗီယက်နမ်နောက်မှာတော့ မြန်မာနိုင်ငံက ဖိလစ်ပိုင်ထံ တင်ပို့မှု ၂၃၁၇၃၈ တန်၊ ထိုင်းက ၁၇၂၂၄၅ တန်တို့နဲ့ အသီးသီးရပ်တည်နေကြပါတယ်။

**Ref: Philippines may import 3 million MT rice next year – FFF – PhilStar**

**Source:** https://greenwaymyanmar.com/posts/philippines_may_input_3millions_MT_rice_next_year

## ဗီယက်နမ်နိုင်ငံ၌ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး မြင့်တက်လာစေရေး အဓိကထားဆောင်ရွက်

ဗီယက်နမ်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၃၄ ဘီလီယံအထိ ရောက်ရှိလာစေရေး ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း Vietnam News သတင်းစာက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါရည်မှန်းချက် ပြည့်မီစေရေးအပါအဝင် နိုင်ငံအတွင်းစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး နှင့် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဗီယက်နမ်နိုင်ငံက ထိရောက်သည့်နည်းလမ်းများ အသုံးပြု၍ ဆွဲဆောင်နေကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများက စီမံကိန်း ၂၀၀၀ ခန့် ရင်းနှီးမြှုပ်နှံခဲ့ ကြပြီး ယင်းစီမံကိန်းများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံရှိကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မူဝါဒနှင့်မဟာဗျူဟာဆိုင်ရာ အင်စတီကျုမှ တာဝန်ရှိသူ တာသူထရင်ကပြောကြားသည်။

နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လိုအပ်နေပြီး အဓိကအားဖြင့် နည်းပညာ လွှဲပြောင်းရယူရေးဆိုင်ရာ ကဏ္ဍများအားမြှင့်တင်ရန်လိုအပ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန၏ သတင်းအချက်အလက်ဌာန တာဝန်ရှိသူ ငုယင်အမ်းဖောင်က ပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်း၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး အလျှင်အမြန်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ဒူဒန်ကောင်ကပြောကြားသည်။

**Source: The Mirror**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5482-focusing-on-raising-the-value-of-foreign-investment-in-agriculture-in-vietnam.html

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်မှ ၁၆ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ နှမ်း၊ ကြံ၊ မြေပဲဆန်၊ ပြောင်း၊ ပိုးလုံးအိမ်(DRIED COCOON)၊ ရော်ဘာ၊ ပဲတီစိမ်း၊ ဖရဲသီးနှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၃၈၄၆၈၁၈ ဒသမ ၄၃ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၁၉၄၄၇၃၇ ဒသမ ၀၇ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၅၇၉၁၅၅၅ ဒသမ ၅ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လယ်ထွန်စက်၊ ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ ကုန်ထုတ်စက္ကူများ၊ ချည်ထည်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ကားတာယာ၊ သံပိုက်၊ မြက်ခင်းတုနှင့် အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၃၀၈၅၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၃၃၀၀၃ ဒသမ ၃၂ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏ တန်ဖိုးမှာ ကန်ဒေါ်လာ ၄၆၃၈၅၈ ဒသမ ၃၂ တင်သွင်းမှုရှိခဲ့ပါသည်။

ဒီဇင်ဘာလ ၁၆ ရက်နေ့အထိ တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ဆန်မာတစ်အိတ်လျှင် ၁၆၀ ယွမ်၊ ဆန်ပျော့ တစ်အိတ်လျှင် ၂၀၀ ယွမ်နှင့် ပြောင်းတစ်အိတ်လျှင် ၁၂၅ ယွမ် ဈေးပေါက်လျက်ရှိပြီး၊ မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁ ဒသမ ၂၀ ကျပ် ရှိကြောင်းသိရှိရပါသည်။

Source: မနော်မြေကုန်သွယ်မှုဇုန်ဗဟိုဌာန

## စစ်ကိုင်းတိုင်း မြေပဲစိုက်ပျိုးပြီးစီးမှု

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးမြေပဲကေမှာ (၃၇၁၉၁၆) ဧက၊ ဆောင်းမြေပဲကေမှာ (၄၃၇၁၉၉) ဧကနှင့် မြေပဲစိုက်ဧကပေါင်း (၈၀၉၁၁၅)ဧက စိုက်ပျိုးပြီးစီးကြောင်းသိရပါသည်။ အများဆုံးစိုက်ပျိုးသော ခရိုင်များမှာ ရွေးဦးခရိုင် ဧက (၁.၆၉ )သိန်းကျော်၊ ကန့်ဘလူခရိုင် ဧက (၁.၅၆)သိန်းကျော်နှင့် ရွှေဘိုခရိုင် ဧက (၁.၄)သိန်းကျော် စိုက်ပျိုးထားရှိပါသည်။ မိုးမြေပဲဧက (၃၇၁၉၁၆)ဧကမှာ ယခုအချိန်အထိ ဧကပေါင်း (၃၆၉၁၂၃ ) ရိတ်သိမ်းပြီးစီးခဲ့ကြောင်း သိရပါသည်။

မုံရွာကုန်စည်ဒိုင်ရှိ ယနေ့မြေပဲလုံးဆံပေါက်ဈေးနှုန်းများမှာ မြေပဲဆီဆန်ဖြူ တစ်ပိဿာလျှင် (၄၇၀၀)ကျပ်နှင့် မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် (၅၀၀၀)ကျပ်ရှိပြီး ယခင်ပတ်ဈေးနှုန်းတိုင်း ဈေးငြိမ်လျက်ရှိပါသည်။ ဆီဈေးမှာ ပဲဆီ တစ်ပိဿာ ၉၀၀၀ ကျပ် မှ ၉၅၀၀ ကျပ်ထိ၊ နှမ်းဆီတစ်ပိဿာ ၉၀၀၀ ကျပ်မှ ၉၅၀၀ ကျပ်ထိပေါက်ဈေးရှိပြီး ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**Source: ဧယျာကုန်သွယ်မှုဇုန်ဗဟိုဌာန**

## မြန်မာ့ငရုတ်သီးဝယ်ရန် စင်ကာပူကမ်းလှမ်း




မြန်မာနိုင်ငံကထွက်ရှိတဲ့ ငရုတ်သီးတွေဝယ်ယူဖို့ စင်ကာပူနိုင်ငံက ကမ်းလှမ်းထားတယ်လို့ မြန်မာနိုင်ငံ ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းကနေ သိရပါတယ်။ အထူးသဖြင့် မန္တလေး၊ စစ်ကိုင်းနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေက ထွက်ရှိတဲ့ ငရုတ်သီးတွေကို ဝယ်ယူဖို့ ကမ်းလှမ်းစာ ပေးပို့ထားတာဖြစ်တယ်လို့ ဆိုပါတယ်။

လက်ရှိမှာတော့ မြစ်သား၊ ကျောက်ဆည်နဲ့ဧရာဝတီတိုင်းဒေသကြီးတွေက ထွက်တဲ့ ငရုတ်နမူနာတွေကိုပေးပို့ထားပြီး ငရုတ်ခူးဆွတ်ချိန်မှာ စင်ကာပူကုန်သည်တွေကိုယ်တိုင် လာရောက်ဝယ်ယူဖို့ရှိတယ်လို့လည်း သိရပါတယ်။

ငရုတ်စိုက်ပျိုးတဲ့ တောင်သူတွေအနေနဲ့လည်း အခုထက်ပိုပြီး ပြည်ပဈေးကွက်ရရှိနိုင်ဖို့အတွက် စိုက်ပျိုးရာမှာ GAP စနစ်နဲ့ စိုက်ပျိုးဖို့လိုတယ်လို့ စိုက်ပျိုးရေးပညာရှင်တွေက အကြံပြုပြောကြားထားပါတယ်။

**ဤဆောင်းပါးကို OneNewsMyanmarမှကူးယူဖော်ပြပါသည်။**

https://t.me/htwettoe

## ကြက်သွန်နီဈေးများ ပြန်လည်ကျဆင်းနေသော်လည်း လက်လီဈေးမှာ ဈေးကျဆင်းခြင်းမရှိသေး

ကြက်သွန်အသစ်များ ပေါ်ချိန်ဖြစ်သည့်အတွက် မြင့်တက်ခဲ့သည့် ကြက်သွန်ဈေး ပြန်လည်ကျဆင်းလာကြောင်း ကုန်သည်များနှင့်စားသုံးသူများထံမှ သိရသည်။ ကြက်သွန်ဈေးကျဆင်းခြင်းမှာ ကြက်သွန်အသစ်များ ဈေးကွက်သို့ ဆက်တိုက်ဝင်ရောက်လာခြင်းကြောင့်ဖြစ်ပြီး လက်ရှိ မြစ်သား၊ ဆိပ်ဖြူနှင့် ပခုက္ကူဘက်မှ ကြက်သွန်နီများ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်က ကြက်သွန်စိုက်ဧက လျော့ကျခဲ့တယ်၊ ရာသီဥတုကြောင့်ရယ်။ စိုက်တဲ့သူနည်းသွားတာရယ်။ အဲ့တာကြောင့် ကုန်ရှားပြီး အရင်လတွေမှာ ကြက်သွန်နီဈေးတွေ တော်တော်မြင့်တက်ခဲ့တယ်။ အခုက ဈေးကွက်ကို မိုးကြက်သွန်အသစ်တွေ ဆက်တိုက်ဝင်လာတယ်။ တရုတ်ဘက်ကလဲ အဝင်တွေရှိတယ်။ ဒါကြောင့် အမြင့်ဈေးကနေ အခုပြန်ကျသွားတာ" ဟု ကြက်သွန်ကုန်သည် ကိုမြင့်အောင်ကပြောသည်။

ကုန်စည်ဈေးကွက်မှာ ကြက်သွန်နီဈေး ဆက်တိုက်ကျဆင်းနေသော်လည်း လက်လီဈေးကွက်မှာတော့ ဈေးကျဆင်းခြင်း မရှိကြောင်း စားသုံးသူများကဆိုသည်။ လက်ရှိ ရန်ကုန်ဈေးကွက်တွင် မိုးကြက်သွန်အသစ် မြစ်သား၊ ဆိပ်ဖြူတစ်ပိဿာလျှင် အသေး ၂၅၀၀ မှ ၄၀၀၀ အထက်ဈေးရှိပြီး ကြက်သွန်အဟောင်းဈေးမှာ ၅၀၀၀ အထက်တွင်ရှိကြောင်း ဈေးကွက်မှသိရသည်။ "အခု အသစ်တွေဝင်လာတဲ့ ကြက်သွန်အသေးလေးတွေက ၂၀၀၀ ဈေးနဲ့ဝယ်ရတယ်။ မြစ်သားက ၄၅၀၀ ၊ ကြက်သွန်လက်ဟောင်းတွေက ဒီတိုင်းပဲ ၅၀၀၀ အောက်ကို ဈေးကျမသွားဘူး၊ ပုံမှန်ဈေးအတိုင်း ၅၀၀၀ အထက်မှာ ဝယ်နေရတယ်" ဟု သဃ်န်ကျွန်းမြို့နယ်တွင်နေထိုင်သူ မကြည်ကပြောသည်။ လက်ရှိဈေးမှာ ၁၅၀၀ ခန့်ရှိပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်ပေါ်မူတည်ကာ ဈေးနှုန်းများပြောင်းလဲနိုင်ကြောင်းလည်း သိရသည်။

"တောင်သာမှာက ကြက်သွန်နီဈေးက အရင်က ယာခင်းထဲက အသီးကို ၂၅၀၀ ပေးဝယ်ရတာကနေ အခု ၁၅၀၀ ပဲ ရှိတော့တယ်။ ဈေးကကျသွားတယ်" ဟု မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်မှ ကြက်သွန်စိုက်တောင်သူ ကိုအောင်စိုးမြင့်ကပြောသည်။ ကြက်သွန်ဈေးကွက်မှာ သုံးနှစ်ကျော် ဆက်တိုက်အရှုံးပေါ်ခဲ့သောကြောင့် ကြက်သွန်စိုက်တောင်သူများအနေဖြင့် လျော့ချစိုက်ပျိုးခဲ့ခြင်းအပြင် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မြစ်သားနှင့်ကျောက်ဆည်မှ ကြက်သွန်ခင်းများ ပျက်စီးခဲ့သည့်အတွက် အထွက်နှုန်းများ လျော့ကျခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ "ရာသီဥတုဖျက်တယ် ဆိုတော့ ဒီနှစ်အထွက်နှုန်းက လျော့ခဲ့တယ်၊ စိုက်တဲ့အနေအထားလဲ အထွက်နှုန်း လျော့တယ်။ နောက်ပြီး မြေဆီလွှာ၊ ဒီဇယ် ဈေးကြီးလို့ အရင်းနှီးမတတ်နိုင်လို့ မစိုက်နိုင်ကြဘူး" မြင်းခြံမြို့မှ ကြက်သွန်စိုက်တောင်သူတစ်ဦးကပြောသည်။ လက်ရှိမှာ ကြက်သွန်နီဈေး ပြန်ကျဆင်းနေသော်လည်း ယခုကဲ့သို့ ပြည်ပဝယ်အား ဆက်ပြီးကောင်းနေပါက ကြက်သွန်ဈေးကွက်မှာ အားကောင်းလာနိုင်မည်ဖြစ်ကြောင်း ကုန်သည်လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

**Source: (AMIA) &** https://t.me/htwettoe

## ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံရရှိ

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ပြည်ပနိုင်ငံများသို့ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ကာလအတွင်း စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံ ပို့ကုန်ဝင်ငွေရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောပြ၍ သိရသည်။

ထိုသို့ မြန်မာနိုင်ငံမှ စက်မှုကုန်ချောပစ္စည်းများကို ပြည်ပသို့တင်ပို့ရာတွင် နိုင်ငံပိုင်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃ ဘီလီယံရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၃ ဘီလီယံ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံ ရရှိထားကြောင်း သိရသည်။

“ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ ဒီဇင်ဘာ ၂ ရက်ထိ CMP လက်ခစား ချုပ်ပြီးအထည်အပါအဝင် စက်မှုကုန်ချောပစ္စည်း ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆ ဘီလီယံ ပို့ကုန်ဝင်ငွေ ရရှိထားတာဖြစ်တယ်”ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောပြသည်။

မြန်မာနိုင်ငံမှ တင်ပို့နေသည့် စက်မှုကုန်ချောပစ္စည်းအုပ်စုတွင် CMP လက်ခစား ချုပ်ပြီးအထည်၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့၊ သကြားနှင့် အခြားစက်မှုကုန်ချောပစ္စည်းများပါဝင်ပြီး မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များတွင် CMP ချုပ်ပြီးအထည်တင်ပို့မှုက ပထမနေရာနှင့် သဘာဝဓာတ်ငွေ့က ဒုတိယနေရာတွင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ အဓိက သွင်းကုန်များတွင် ရေနံထွက်ပစ္စည်းတင်သွင်းမှုက ပထမနေရာနှင့် ချည်မျှင်နှင့်အထည်အလိပ်တင်သွင်းမှုက ဒုတိယ နေရာတွင် ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## STOCK EXCHANGE (20.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Dec. 2022

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,511 (Shares) | 7,398,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,900 | 9,000 | 8,900 | 50 | 448,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,200 | 1,272 | 4,129,000 | 38,929,150 | 126,520 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,048 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 134 | 2,546,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 55 | 275,000 | 10,497,598 | 52,488 |


## Market summary

As of 20th Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 396.23 | +2.51 | +0.64% | 393.72 | 396.23 | 392.61 | 1,511 | 7,398,000 | 7 | 689,292 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 20th Dec. 2022

| Trading Volume | Trading Value |
|---|---|
| 1,511 (Shares) | 7,398,000 (MMK) |

### Main Board

As of 1:00 pm, 20th Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,511 (Shares) | 7,398,000 (MMK) |

| MYANPIX | 396.23 ▲ 2.51 |
|---|---|
| Total Volume (shares) | 1,511 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 689,292 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |